






# ချက်သမ္မတနိုင်ငံဆိုင်ရာ အချက်အလက်များ







# ချက်သမ္မတနိုင်ငံဆိုင်ရာအချက်အလက်များ

## ပထဝီအနေအထား

၁။ ချက်သမ္မတနိုင်ငံသည် မြောက်လတ္တီကျူ ၅၀° ၅’ နှင့် အရှေ့လောင်ဂျီကျူ ၁၄° ၂၈’ အကြားတွင် တည်ရှိသည်။ ဧရိယာအကျယ်အဝန်းမှာ ၇၈,၈၆၄ စတုရန်းကီလိုမီတာ ဖြစ်သည်။ ချက်သမ္မတနိုင်ငံသည် ဥရောပအလယ်ပိုင်းရှိ ကုန်းတွင်းပိတ်နိုင်ငံတစ်ခုဖြစ်ပြီး အရှေ့မြောက်ဘက်တွင် ပိုလန်၊ အနောက်ဘက်နှင့် အနောက်မြောက်ဘက်တွင် ဂျာမနီ၊ တောင်ဘက်တွင် သြစတြီးယား၊ အရှေ့ဘက်တွင် ဆလိုဗက်ကီးယားနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။ မြို့တော်မှာ Prague မြို့ဖြစ်သည်။




## နောက်ခံသမိုင်း

၂။ ချက်သမ္မတနိုင်ငံ၏သမိုင်းကို လေ့လာမည်ဆိုလျှင် ဘိုဟီးမီးယား(Bohemia)ဟု လူသိများခဲ့သော ချက်နိုင်ငံသည် ၉ ရာစုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၁၈ ခုနှစ်အထိ ဘုရင်စနစ်ထွန်းကားခဲ့သည်။ ၁၃ ရာစုနှင့်၁၄ ရာစုနှစ်များ၌ ပရီမိုင်ဆလစ် (Premyslid) နှင့် လူဇင်ဘတ်(Luxemboug) မင်းဆက်များလက်ထက်တွင် ယင်း၏ပိုင်နက်နယ်မြေများ

အကျယ်ပြန့်ဆုံးအထိဖြစ်လာခဲ့သည်။ ၁၅၂၆ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မိုဟက်တိုက်ပွဲ (Battle of Mohacs) ပြီးနောက်တွင် ဘိုဟီးမီးယားဘုရင့်မင်းဆက်သည် ဟတ်ဘ်စ်ဘတ်ခ် (Habsburg monarchy) ဘုရင်စနစ်အောက်သို့ ဩစတြီးယား၊ ဟန်ဂေရီနိုင်ငံတို့နှင့်အတူ သွတ်သွင်းခံခဲ့ရသည်။ ၁၉၁၈ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီးအပြီး ဩစတြီးယား- ဟန်ဂေရီအင်ပါယာ ပြိုကွဲပြီးနောက် လွတ်လပ်သော ချက်သမ္မတနိုင်ငံဖြစ်ပေါ်လာသည်။ နာဇီဂျာမနီ၊ ပြင်သစ်၊ UK နှင့် အီတလီနိုင်ငံတို့ချုပ်ဆိုခဲ့သော ၁၉၃၇ မြူးနစ်စာချုပ်အရ ဆူဒက်တန်ဒေသကို ဂျာမနီသို့ပေးရခြင်း၊ ယင်းနောက် ဂျာမန်တို့က ချက်ကိုစလိုဗက်ကီးယားကို သိမ်းပိုက်ခြင်းနှင့် ဆိုဗီယက်တပ်နီမှ ချက်ကိုစလိုဗက်ကီးယားကို လွတ်မြောက်အောင် လုပ်ဆောင်ပေးခြင်း စသည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ၁၉၄၆ ခုနှစ်ရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီသည် မဲ ၃၈% ဖြင့် လူကြိုက်အများဆုံးဖြစ်ခဲ့သည်။

၃။ ၁၉၄၈ ခုနှစ်တွင် ကွန်မြူနစ်ပါတီသည် နိုင်ငံအတွင်းရှိ ဆိုဗီယက်ရုရှားတပ်တို့၏ အကူအညီဖြင့် အာဏာသိမ်းမှုဆောင်ရွက်ခဲ့ပြီး ကွန်မြူနစ်နိုင်ငံဖြစ်လာခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ကွန်မြူနစ်အစိုးရအပေါ် မကျေနပ်မှုများ တိုးပွားလာကာ ပြည်သူတို့မှ ယင်းအစိုးရအား ဖြုတ်ချနိုင်ရန် ကြံစည်လာကြသည်၊ ၁၉၆၈ ခုနှစ် Prague Spring အရေးအခင်းသည် ရိုမေးနီးယားနိုင်ငံမှအပ ကျန်ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံများက ချက်ကိုစလိုဗက်ကီးယားသို့ ဝင်ရောက်၍ အစိုးရအား ဖြုတ်ချခြင်းဖြင့် အဆုံးသတ်ခဲ့ပါသည်။ သို့သော် ၁၉၈၉ ခုနှစ်တွင် Velvet Revolution ဟု ခေါ်သော သွေးထွက်သံယိုကင်းမဲ့သည့် တော်လှန်ရေးဖြင့် ကွန်မြူနစ်အစိုးရပြုတ်ကျသွားခဲ့သည်။ ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြည်သူ့ဆန္ဒအရ ချက်ကိုစလိုဗက်ကီးယားနိုင်ငံကို ဖျက်သိမ်းပြီး ချက်နိုင်ငံနှင့် စလိုဗက်ကီးယားနိုင်ငံတို့အဖြစ် အဓိကရုဏ်းကင်းမဲ့သည့် ကတ္တီပါလမ်းခွဲ (Velvet Divorce) ဖြင့် လမ်းခွဲခဲ့ပြီး အချုပ်အခြာအာဏာပိုင်သည့် ချက်သမ္မတနိုင်ငံဖြစ်လာခဲ့သည်။ ယင်းနေ့မှာပင် စတင်အာဏာသက်ရောက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချက်သမ္မတနိုင်ငံအား သီးခြားနိုင်ငံအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

၄။ ချက်သမ္မတနိုင်ငံသည် ၁၉၉၉ ခုနှစ်တွင် နေတိုးအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (Organization for Security and Cooperation in Europe – OSCE) ၏ အဖွဲ့ဝင်လည်းဖြစ်သည်။ OSCE ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် U.S Helsinki Commission ၏စည်းမျဉ်းအရ နိုင်ငံတကာအရေးများတွင် ပါဝင်ပတ်သက်မှုများကို စောင့်ကြည့်ခြင်းခံရ သည်။ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇွန်လ ၃၀ ရက်နေ့အထိ ဥရောပသမဂ္ဂ ကောင်စီ (Council of the European Union)၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သည်။

**အစိုးရနှင့် နိုင်ငံရေး**

၅။ ချက်သမ္မတနိုင်ငံသည် ပါလီမန်ဒီမိုကရေစီပါတီစုံစနစ်ကို ကျင့်သုံးသည်။ ပါလီမန် သည် လွှတ်တော်နှစ်ရပ်စနစ်ကို ကျင့်သုံးပြီး Chamber of Deputies (the Lower House) နှင့် Senate (the Upper House) ဖြစ်သည်။ Chamber of Deputies တွင် ကိုယ်စားလှယ် ဦးရေ ၂၀၀ ဖြင့် ဖွဲ့စည်းထားပြီး ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ်ဖြင့် ၄ နှစ် တစ်ကြိမ် ကျင်းပသည်။ Senate တွင် ကိုယ်စားလှယ် ၈၁ ဦးဖြင့် ဖွဲ့စည်းထားပြီး ၆ နှစ်သက်တမ်း ဖြစ်သည်။ Senate တွင် ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌ ၄ ဦးရှိပါသည်။ Senate ကိုယ်စားလှယ် များသည် ကော်မတီများနှင့် ကော်မရှင်များတွင်လည်း တာဝန်ထမ်းဆောင်ရပါသည်။ လက်ရှိ သမ္မတ အစ္စတာမီလော့စ်ဇီးမန်းမှာ နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲမှာ လက်ရှိဝန်ကြီးချုပ် Andrej Babiš ဖြစ်သည်။



သမ္မတMiloš Zeman



ဝန်ကြီးချုပ် Andrej Babiš

၆။ ချက်သမ္မတနိုင်ငံ၏လွှတ်တော်များသည် ဥပဒေများပြင်ဆင်၊ ဖျက်သိမ်း၊ အတည်ပြုခြင်းကိစ္စရပ်များနှင့်နိုင်ငံတကာစာချုပ်စာတမ်းများချုပ်ဆိုခြင်း၊ သဘောတူညီမှုရယူခြင်းကိစ္စရပ်များကို အတည်ပြုခြင်းစသည့် လုပ်ငန်းများကိုအဓိကထားဆောင်ရွက်သည်။ အဆိုပါကိစ္စရပ်များဆောင်ရွက်ရန်အတွက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်(၂)ရပ်ပေါင်း ကိုယ်စားလှယ် ၆၀ ရာခိုင်နှုန်း၏ သဘောတူညီချက်ရရှိရန်လိုအပ်သည်။

၇။ ဥပဒေများတင်သွင်းခွင့်ရှိသူများမှာ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်အမတ်များ၊ ဗဟိုအစိုးရနှင့်ဒေသဆိုင်ရာအစိုးရများမှ တင်သွင်းပိုင်ခွင့်ရှိသည်။ ဥပဒေကြမ်းများ တင်သွင်းရာတွင် အောက်လွှတ်တော်သို့စတင်တင်သွင်းရပြီး အောက်လွှတ်တော်အမတ် ၆၀ ရာခိုင်နှုန်း၏ သဘောတူညီချက်ရရှိပါက အထက်လွှတ်တော်သို့ ဆက်လက်တင်သွင်းသည်။ အထက်လွှတ်တော်အနေဖြင့် ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့ခြင်း၊ အတည်ပြုပေးခြင်းနှင့် ပယ်ချပိုင်ခွင့်ဗီတိုအာဏာပိုင်ဆိုင်ထားသည်။




ချက်သမ္မတနိုင်ငံလွှတ်တော်ဥပဒေပြုပုံ

**စီးပွားရေး**

၈။ ၂၀၀၇-၂၀၁၀ ကမ္ဘာ့စီးပွားပျက်ကပ် (global economic crisis) မကျရောက်မီအထိ နှစ်စဉ် GDP တိုးတက်မှုနှုန်း ၆ % ခန့်ရှိခဲ့သည်။ ၂၀၀၆ ခုနှစ် ကမ္ဘာ့ဘဏ်၏အစီရင်ခံစာအရ ဖွံ့ဖြိုးဆဲတိုင်းပြည်အဖြစ်မှ ဖွံ့ဖြိုးပြီးတိုင်းပြည်အဖြစ်သို့ပြောင်းလဲရန် ရှေ့ဆုံးမှ တာစူနေသော နိုင်ငံဖြစ်သည်။ ၂၀၀၉ ခုနှစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် လူသားဖွံ့ဖြိုးမှုညွှန်းကိန်းအနေဖြင့် အလွန်မြင့်မားသောနိုင်ငံများ (Very High Human Development) စာရင်းထဲသို့ ရောက်ရှိလာခဲ့သည်။ ချက်သမ္မတနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၄.၉ % ရှိပြီး ဥရောပသမဂ္ဂတွင် ဂျာမနီနိုင်ငံပြီးနောက် ဒုတိယအလုပ်လက်မဲ့အနည်းဆုံးနိုင်ငံ ဖြစ်သည်။ ချက်သမ္မတနိုင်ငံ၏ အဓိက

ပို့ကုန်များမှာ စက်ပစ္စည်း၊ ပို့ဆောင်ရေးပစ္စည်း၊ စက်သုံးဆီ နှင့်ဓာတုဗေဒပစ္စည်းများဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၇.၃ ဘီလီယံဖြစ်ပါသည်။ ချက်သမ္မတနိုင်ငံ၏ ၂၀၂၀ ခုနှစ် ခန့်မှန်းGDPမှာ အမေရိကန်ဒေါ်လာ ၂၆၁.၇၃၂ ဘီလီယံဖြစ်ပြီး တစ်ဦးချင်း နှစ်စဉ်ဝင်ငွေမှာ ဒေါ်လာ ၂၄,၅၆၉ ဖြစ်သည်။

**လူဦးရေနှင့် ကိုးကွယ်မှု**

၉။ ချက်သမ္မတနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ခန့်မှန်းလူဦးရေမှာ ၁၀,၇၀၂,၀၆၉ ဖြစ်သည်။ ရုံးသုံးဘာသာစကားအဖြစ် ချက်ဘာသာစကားဖြစ်ပြီး စလိုဗက်ဘာသာစကားကိုလည်း သုံးစွဲကြပါသည်။ အဓိကကိုးကွယ်သည့်ဘာသာမှာ ခရစ်ယာန်ဘာသာဖြစ်သည်။ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ ၃၉.၈ % မှာ ဘာသာမဲ့ဖြစ်ပြီး၊ ၃၉.၂ % မှာ ရိုမင်ကက်သလစ်ဘာသာ၊ ၄.၆% မှာ ပရိုတက်စတင့်ဘာသာ နှင့် ၉ % မှာ အခြားဘာသာများကို ကိုးကွယ်ကြပြီး ကျန်နိုင်ငံသားများသည် ၎င်းတို့၏ဘာသာကို မဖော်ပြကြပါ။ ချက်သမ္မတနိုင်ငံအတွင်း အခြေချနေထိုင်ကြသော လူမျိုးများမှာ Czechs လူမျိုး ၆၄ %၊ Moravians လူမျိုး ၅ %၊ Slovaks လူမျိုး ၁.၄ %၊ Poles လူမျိုး ၀.၄ % ဖြစ်ပြီး လူမျိုးအမည်မဖော်ပြသူများမှာ ၂၆ % ဖြစ်သည်။

## ချက်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံဆက်ဆံရေး

၁၀။ မြန်မာနိုင်ငံသည် ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံနှင့် နှစ်ပေါင်း ၆၀ ကျော် သံတမန်ဆက်ဆံရေးရှိခဲ့ပြီး ယခုချက်သမ္မတနိုင်ငံနှင့် ၁၉၉၃ ခုနှစ်မှစ၍ သံတမန်ဆက်ဆံရေး ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်တွင် မြန်မာနိုင်ငံအခြေစိုက် ချက်သမ္မတနိုင်ငံသံရုံးကို စတင်ဖွင့်လှစ်ခဲ့ပြီး Mr. Jaroslav Dolecek သည် ၂၀၁၅ ခုနှစ်၊ မေလ ၂၆ ရက်တွင် မြန်မာနိုင်ငံ၌ စတင်တာဝန်ထမ်းဆောင်သည့် ပထမဆုံးသံအမတ်ကြီး ဖြစ်သည်။

၁၁။ ရန်ကုန်မြို့တွင်အခြေစိုက်သော ချက်သမ္မတနိုင်ငံသံရုံးသည် မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံသံရုံးကို ကိုယ်စားပြုပြီး နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များအား တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ နှစ်နိုင်ငံအကြား ထူးခြားသောဖြစ်ရပ်အဖြစ် ချက်နိုင်ငံသမ္မတဟောင်း ဘာကလပ်ဗ်ဟာဗေးသည် ၁၉၉၁ ခုနှစ်တွင် ပေးအပ်သော ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင်အဖြစ် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရသော်လည်း လက်မခံခဲ့ဘဲ ၎င်းအစား ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ရန်ထောက်ခံခဲ့ပါသည်။ ဘာကလပ်ဗ်ဟာဗေးဆုအား ၂၀၁၂ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ခဲ့ပါသည်။

## ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Jan Hornik ၏ ကိုယ်ရေးအကျဉ်း



**Mr. Jan Hornik** ကို ၁၉၅၄ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် Marianske Lazne ၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် Prague စိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့ပြီး စိုက်ပျိုးရေး နယ်ပယ်တွင် လုပ်ကိုင်ခဲ့ပါသည်။ ၎င်းသည် ၁၉၉၀ ခုနှစ်တွင် Bozi ကျေးရွာ အုပ်ချုပ်ရေးမှူး အဖြစ်ရွေးချယ်ခံခဲ့ရပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် Karlovarsky ဒေသ၏ လွှတ်တော်တွင် ရွေးကောက်ခံခဲ့ရပြီး ၂၀၀၄ ခုနှစ်တွင် ချက်နိုင်ငံ၏ အထက်လွှတ်တော်အမတ်တစ်ယောက် ဖြစ်လာခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် STAN ပါတီဝင်ဖြစ်လာခဲ့ပါသည်။ ၂၀၁၂ ခုနှစ် ဒေသတွင်းရွေးကောက်ပွဲများတွင် ၎င်းသည် အဆင့် ၉ နေရာတွင်ရှိနေခဲ့ပြီး STAN ပါတီတွင် Karlovy Vary ခရိုင်အုပ်ချုပ်ရေးမှူးရာထူးအတွက် လျာထားခံခဲ့ရပါသည်။ ၎င်းသည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ချက်သမ္မတနိုင်ငံ အထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံခဲ့ရပါသည်။